ဒါကြောင့်မို့ တရားမဝင် အာဏာသိမ်းစစ်ကောင်စီ လက်အောက်မှာ ဆက်လက် တာဝန်ထမ်းဆောင်နေပြီး CDM ဝန်ထမ်းတွေကို ဖိနှိပ်တာ၊ ခြိမ်းခြောက်တာ၊ ရာထူးမှထုတ်ပယ်တာ၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်တာ၊ ပြည်သူ့အစိုးရက ပြန်လည်ပေးဆပ်ဖို့ မလိုကြောင်း ထုတ်ပြန်ထားတဲ့ ၂ လစာ ချေးငွေတွေကို ပြန်လည်တောင်းခံတာတွေ အပါအဝင် အမျိုးမျိုးသော ဖိနှိပ်မှုတွေကို ကျူးလွန်နေတဲ့အပြင် ပြည်သူလူထုကို အကြမ်းဖက် နှိပ်စက်နေတဲ့ စစ်ကောင်စီယန္တရား လည်ပတ်နိုင်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်နေကြတဲ့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်က ဖော်ပြပါ အရာထမ်း၊ အမှုထမ်း ၂၁၂ ယောက်တို့ကို အမည်ပျက်စာရင်း သွင်းလိုက်ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်လိုက်တယ်လို့ ကြေညာထားတာပါ။

မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်က စတင်ကာ စစ်ကောင်စီက နိုင်ငံတော်အာဏာကို သိမ်းယူခဲ့တဲ့ ကာလဟာ ၁ နှစ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။

ဒီကာလတွေအတွင်း နိုင်ငံတဝန်း စစ်အာဏာရှင် ဆန့်ကျင်ရေး ဆန္ဒပြပွဲတွေမှာ ပြည်သူတွေ မြို့ရွာအနှံ့ ပါဝင်နေခဲ့ကြပြီး စစ်တပ်နဲ့ ရဲတပ်ဖွဲ့ဝင်တွေက အကြမ်းဖက် ပစ်ခတ်နှိမ်နင်းမှုတွေနဲ့ ကျဆုံးမှုတွေ၊ ဖမ်းဆီးထိန်းသိမ်း တရားစွဲဆိုခံရတာတွေနဲ့အတူ အခြေအနေတွေ ပိုမိုတင်းမာလာနေတာပါ။

အမျိုးသားညီညွတ်ရေးအစိုးရကတော့ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၇ ရက်မှာ စစ်အာဏာရှင်ဆန့်ကျင်ရေး ခုခံတွန်းလှန်စစ် စတင်ကြောင်းနဲ့ မင်းအောင်လှိုင် ဦးဆောင်တဲ့ အကြမ်းဖက် စစ်အုပ်ချုပ်ရေးကို လှည်းနေလှေအောင်း မြင်းဖောင်းမကျန် တွန်းလှန်တိုက်ဖျက်ကြဖို့ ကြေညာခဲ့ပြီး နိုင်ငံတဝန်း စစ်ကောင်စီတပ်တွေနဲ့ ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်တွေကြား တိုက်ပွဲတွေလည်း ပြင်းထန်နေပါတယ်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ရဲ့ ထုတ်ပြန်ချက်အရ လက်ရှိအချိန်ထိ စစ်တပ်က အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ ကျဆုံးပြည်သူ ၁,၇၀၀ နီးပါးနဲ့ မတရား ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၂,၈၇၅ ယောက်ထိ ရှိခဲ့ပြီလို့ သိရပါတယ်။

https://burmese.dvb.no/archives/523756

---------------------------------------------------------------------------------------------------------

## ဆားလင်းကြီးမြို့နယ် ပုသိမ်-မုံရွာလမ်းပေါ်တွင် စစ်ကောင်စီထောက်ပို့ယာဉ် ၁၇စီး မိုင်းဆွဲတိုက်ခိုက်ခံရ

By မဇ္ဈိမ | 23 March 2022

*Photo : CJ*

စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ် အတွင်းသို့ ယင်းမာပင်မြို့နယ် ရွှေတောင်ဦးကုန်းမှ ပုသိမ်-မုံရွာလမ်းအတိုင်း ဦးတည်မောင်းနှင်လာသော စစ်ကောင်စီယာဉ်တန်း ၁၇စီးအား မတ်လ၂၃ရက်မနက် ၄နာရီ ၃၀မိနစ် အချိန်ခန့်တွင် မိုင်းဆွဲတိုက်ခိုက်လိုက်ကြောင်း Unity Force Monywa အဖွဲ့ထံက သိရသည်။

"မိုင်းလေးလုံးဆွဲပြီး တိုက်ခိုက်ခဲ့တယ်၊နှစ်စီးကိုတော့ ထိထိမိမိထိတယ်၊ပုသိမ်-မုံရွာလမ်းပေါ်မှာပဲလုပ်ခဲ့တာပါ၊ အဲ့နားကရွာကိုတော့လုံခြုံရေးအရပြောလို့မရလို့ပါ၊အယောက်၂၀လောက်တော့ထိနိုင်ပါတယ်"ဟု Unity Force Monywa အဖွဲ့မှတာဝန်ရှိသူ ဗိုလ်အောက်ဆွဲက ပြောသည်။

အဆိုပါမိုင်းဆွဲတိုက်ခိုက်မှုကြောင့် စစ်ကောင်စီမှ ၂၀ဦးခန့်ထိခိုက်မှုရှိနိုင်ပြီး မိုင်းလေးလုံးဆွဲတိုက်ခိုက်မှုကြောင့် ကုန်ကျစရိတ်သိန်း ၃၀ခန့်ကုန်ကျခဲ့ရသည်ဟု သိရသည်။

ယင်းလုပ်ဆောင်မှုကို Unity Force Monywa အဖွဲ့နှင့် Brother Defense Force အဖွဲ့တို့ကလုပ်ဆောင်ခဲ့ပြီး ကာကွယ်ရေးတပ်ဖွဲ့များမှာ အန္တရာယ်ကင်းစွာဆုတ်ခွါနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ နေ့လယ်ပိုင်းအချိန်တွင်လည်း မုံရွာမြို့မှ စစ်ကောင်စီ၏ ခြေလျင်တပ်အင်အား ၁၀၀ ကျော်ခန့်မှာ မြို့ရွာမြို့မှ ယင်းမာပင်မြို့သို့ ဦးတည်သွားနေပြီး စစ်ကြောင်းထိုးလျှက်ရှိကြောင်းလည်း သိရသည်။

မတ်လ ၂၀ရက်နေ့ကလည်း စစ်ကိုင်းတိုင်း၊မုံရွာမြို့နယ်၊ကျောက်ကာလမ်းနှင့် ရန်ကင်းလမ်းထောင့်ရှိ KBZ Bank ခွဲတစ်ခုအား ပြောက်ကျားတပ်ဖွဲ့များမှ မိုင်းခွဲတိုက်ခိုက်ခဲ့သေးသည်။

https://www.mizzimaburmese.com/article/102679

-----------------------------------------------------------------------------------------------

## ပုလဲနှင့် ကသာတွင် စစ်ကောင်စီယာဥ်တန်းများ မိုင်းဆွဲတိုက်ခိုက်ခံရ

Published By DVB | 23 March, 2022

**စစ်ကိုင်းတိုင်း ပုလဲမြို့နယ်နဲ့ ကသာမြို့နယ်တို့မှာ မတ် ၂၃ ရက် ဒီနေ့မနက်ပိုင်းက စစ်ကောင်စီယာဥ်တန်းတွေ မိုင်းဆွဲတိုက်ခိုက်ခံခဲ့ရတယ်လို့ သိရပါတယ်။**

စစ်ကောင်စီယာဥ်တန်း ၁၃ စီးဟာ ပုလဲမြို့နယ် တိုက်ပွဲတွေမှာ ကျဆုံးခဲ့တဲ့ တပ်ဖွဲ့တွေအတွက် အင်အားဖြည့်ဖို့ လာရောက်စဥ် လက်ပံကန်ကျေးရွာအနီးမှာ မိုင်းဆွဲတိုက်ခိုက်ခံရတာပါ။

ပုလဲ PDF တပ်ဖွဲ့ခေါင်းဆောင် ဗိုလ်နဂါးက "တိုက်ပွဲက ပထမလက်ပံကန်ရွာ အနောက်ဘက် တယ်ပင်ကန်တံတား အရှေ့ဘက်ကနေ တိုက်ခိုက်ခဲ့တယ်။ မိုင်း ၈ လုံးနဲ့ စတင်တိုက်ခိုက်တယ်။ အဲလို မိုင်းဆွဲလို့ ကားတန်း ရပ်တန့်လိုက်တယ်။ အဲလိုရပ်တန့်နေတဲ့အချိန် ကျနော်တို့ တဖက်ပွင့်စိန်ပြောင်း ၆ လုံးနဲ့ ကားနောက်ပိုင်းကို ပစ်ခတ်ခဲ့တယ်ဗျ။ ကား ၂ စီးကတော့ ဆိုးဆိုးဝါးဝါး ပျက်စီးသွားတယ်။ စစ် (-) တွေလည်း အထိအခိုက်များမယ်" လို့ ပြောပါတယ်။

ကသာမြို့နယ်မှာလည်း မတ် ၂၃ ရက် မနက်ပိုင်းက စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ မိုင်းဆွဲတိုက်ခိုက်ခံရတာကြောင့် ၁ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။

ရွှေကူမြို့နယ် မင်းကျောင်းကုန်းကျေးရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေဟာ ဧရာဝတီမြစ်အတွင်းက စစ်ကောင်စီတပ်သင်္ဘောကို လုံခြုံရေးယူဖို့ ခြေလျင်စစ်ကြောင်း တက်လာစဥ် ကသာမြို့နယ် ချောင်းဝကျေးရွာအနီးမှာ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်က မိုင်းဆွဲတိုက်ခိုက်ခဲ့တာလို့ ဒေသခံတွေက ပြောပါတယ်။

ဒေသခံတဦးက "မနက် ၆ နာရီလောက် မင်းကျောင်းကုန်းကျေးရွာကတပ်၊ ဧရာဝတီမြစ်ထဲ ကပ်ထားတဲ့ စစ်ကောင်စီ သင်္ဘောကို လုံခြုံရေးပေးဖို့ ခြေလျင်စစ်ကြောင်း တက်လာချိန် မိုင်းဆွဲတိုက်ခိုက်ခံရတာ။ ပြည်သူ့ကာကွယ်ရေးတပ် PDF က မိုင်း ၈ လုံးဆွဲခဲ့တာ၊ နှစ်ယောက်ကတော့ ပွဲချင်းပြီးသေတယ်။ ဒဏ်ရာရသူတွေလည်း အများကြီးရှိတယ်" လို့ ပြောပါတယ်။

အင်အား ၅၀ ထက်မနည်းပါရှိတဲ့ စစ်ကောင်စီ ခြေလျင်စစ်ကြောင်းတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီးနောက် သေဆုံးသူနဲ့ ဒဏ်ရာရတဲ့သူတွေကို သင်္ဘောနဲ့ သယ်ဆောင်သွားတယ်လို့ ဆိုပါတယ်။

မတ် ၁၄ ရက် မနက်ပိုင်းကလည်း ကသာမြို့နယ်ကို ဧရာဝတီမြစ်အတွင်းက ဆန်တက်လာတဲ့ စစ်ကောင်စီသင်္ဘောကို ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်က ရှေ့တိုက်ဒုံး ၂ လုံးနဲ့ တိုက်ခိုက်ခဲ့တယ်လို့ သိရပါတယ်။

https://burmese.dvb.no/archives/523830

-------------------------------------------------------------------------------------------------

## မင်းကင်းမြို့နယ် နေရာ ၃ ခုတွင် စစ်ကောင်စီနှင့် PDF ပူးပေါင်းအဖွဲ့ တိုက်ပွဲဖြစ်

Published By DVB | 23 March, 2022

**စစ်ကိုင်းတိုင်း ကလေးခရိုင် မင်းကင်းမြို့နယ်မှာ မတ် ၂၃ ရက် မနက် ၅ နာရီကျော်လောက်က စစ်ကောင်စီတပ်နဲ့ ဒေသခံ PDF ပူးပေါင်းအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။**

မင်းကင်းမြို့နယ်၊ တောင်တွင်းဒေသ၊ ကျော်ရွာ၊ ကြာပင်ရွာနဲ့ အိန္ဒိယဆိုက်အနီး စတဲ့နေရာ ၃ ခုတို့မှာ တပ်စွဲနေထိုင်တဲ့ စစ်ကောင်စီအဖွဲ့တွေကို ဒေသခံ PDF ပူးပေါင်းအဖွဲ့တွေက တိုက်ခိုက်ခဲ့တာလို့ ဆိုပါတယ်။

ကြာပင်ရွာနဲ့ အိန္ဒိယလမ်းဆိုက်အနီးမှာရှိတဲ့ စစ်ကောင်စီတပ်ဖွဲ့တွေကို MKPDF တပ်ရင်း ၂၊ တပ်ခွဲ ၁ နဲ့ TPDF တပ်ရင်း ၂၊ တပ်ခွဲ ၁ အဖွဲ့တို့က နေရာ ၂ ခုခွဲပြီး တပြိုင်တည်း တိုက်ခိုက်ခဲ့တယ်လို့ PDF ခေါင်းဆောင်တဦးက ပြောပါတယ်။

ဒါ့အပြင် ကျော်ရွာမှာ တပ်စွဲနေထိုင်တဲ့ စစ်ကောင်စီတပ်နဲ့ ပျူစောထီး ပူးပေါင်းအဖွဲ့တို့ဟာ ပြည်သူ့စစ်သင်တန်းဖွင့်ဖို့ စီစဉ်နေတာကြောင့် ယင်းမာပင်မှ ရွှေတြိဂံအဖွဲ့၊ ကနီမြို့နယ်မှ ကျောက်တလုံးအဖွဲ့၊ မင်းကင်းမြို့နယ်၊ တောင်တွင်းဒေသမှ ရွှေသမင်မုဆိုးအဖွဲ့တို့ ပူးပေါင်းပြီး တိုက်ခိုက်ခဲ့တယ်လို့လည်း ဆိုပါတယ်။

ကျော်ရွာမှာ တပ်စွဲနေထိုင်တဲ့ စစ်ကောင်စီအဖွဲ့ဟာ မတ် ၂၂ ရက် နေ့လယ်ပိုင်းက ကျော်ရွာမှာနေထိုင်တဲ့ ဦးကျောက်ခဲနေအိမ်က ဆန်အိတ်အပါဝင် စားဆီ ၂ ပုံးနဲ့ ဝက် ၇ ကောင်တို့ကို ယူဆောင်သွားခဲ့ကြသလို ဝက်ခြံနဲ့ ကြက်ခြံကိုလည်း မီးရှို့ဖျက်ဆီးသွားခဲ့တယ်လို့ ဒေသခံတဦးက ပြောပါတယ်။

နှစ်ဘက်ထိတွေ့တိုက်ပွဲအတွင်းမှာ စစ်ကောင်စီဘက်က ၁၅ ဦးလောက် ကျဆုံးပြီး PDF ပူးပေါင်းအဖွဲ့ဘက်မှ ၂ ဦး ကျဆုံးခဲ့သလို ၄ ဦး ဒဏ်ရာရရှိခဲ့တယ်လို့ PDF ခေါင်းဆောင်တဦးက ပြောပါတယ်။

https://burmese.dvb.no/archives/523786

---------------------------------------------------------------------------------------------------------------------

## မင်းကင်းမြို့နယ် ပျူစောထီးအားကောင်းသည့် တောင်တွင်းဒေသတိုက်ပွဲ စစ်ကောင်စီတပ်သားနှင့်ပျူစောထီးအဖွဲ့ဝင် ၁၄ ဦးသေဆုံး

By မဇ္ဈိမ | 23 March 2022

*Photo : CJ*

စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ ပျူစောထီးများအား သင်တန်းပေးရန်ပြင်ဆင်နေသည့် နေရာ(တောင်တွင်းမြောင်ဒေသ)ကို စစ်ကောင်စီတပ်သားများနှင့် ပျူစောထီးများအား ဒေသကာကွယ်ရေးတပ်များမှ တိုက်ခိုက်ခဲ့သည့်တိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဘက်မှ ၁၄ ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ၍ ပြည်သူနှစ်ဦးကျဆုံးကာ PDF လေးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ယနေ့ မတ်လ ၂၃ ရက် နံနက် ၆ နာရီဝန်းကျင်အချိန်တွင် မင်းကင်းမြို့နှင့် ၇ မိုင်ခန့်အကွာ ကျော်ရွာတွင် အင်အား ၁၀၀ ခန့်နှင့် မိနစ် ၂၀ ကြာတိုက်ပွဲဖြစ်ပွားခြင်းဖြစ်သည်။

"မူလအင်အားက ၄၀ ရှိတာကို ကားတစ်စီးနဲ့ ဆိုင်ကယ် ၁၀ စီးပေါ့နော် ကြာပင်တပ်က နေအင်အားလာဖြည့်တယ် ဒီကောင်တွေလမ်းမှာဖုန်းမိုင်းဆွဲခံရသေးတယ် လမ်းကတော့ ကနီ-မင်းကင်း-ကလေးဝလမ်းပေါ့နော် အဲ့မှာ ခြောက်ယောက်လောက်ကျတယ်"ဟု တိုက်ပွဲတွင်ပါဝင်တိုက်ခိုက်ခဲ့သည့် ရွှေတြိဂံတပ်ရင်းမှ ရဲဘော်က ပြောသည်။

ထိုသို့အင်အား ဖြည့်တင်းထားသည့် ကျော်ရွာမှ စစ်ကောင်စီတပ်များအား နံနက်ပိုင်းတွင် ဒေသခံကာကွယ်ရေးတပ် ဖြစ်သည့် မြွေဆိုးတပ်ဖွဲ့မှ လက်လုပ်လက်နက်ကြီးဖြင့် စတင်ပစ်ခတ်ခဲ့သည်ဟု သိရသည်။

"မြွေဆိုးအဖွဲ့က လက်နက်ကြီးနဲ့ပစ်ပြီးတော့ ကျွန်တော်တို့ ရွှေတြိဂံတပ်ရင်းရယ် ဆရာစံ PDF ရယ် ကျောက်လုံးကြီးအဖွဲ့ရယ်ကပေါ့နော် လက်နက်ငယ်(ခေတ်မီမောင်းပြန်သေနတ်) ရှစ်လက်လောက်ပါမယ်၊ ကျွန်တော်တို့ အစီစဉ်ဆွဲထားတဲ့အတိုင်း လက်နက်ကြီးနဲ့ပစ်ခြောက်ခြောက်မယ် ပြီးတာနဲ့သူတို့ရွာတောင်ဘက်ကနေ စက်ကွင်းထဲကို ကွက်တိဝင်လာတာ နေရာယူထားတဲ့ကျွန်တော်တို့အဖွဲ့တွေက စိတ်ကြိုက်ပစ်ရတာ" ဟုကျော်ရွာတိုက်ပွဲအခြေအနေအားရွှေတြိဂံတပ်ရင်းမှ ရဲဘော်က ပြောသည်။

ထို့နောက်စစ်ကောင်စီတပ်ဘက်မှ လက်နက်ကြီးများနှင့် ပြန်လည်ပစ်ခတ်သည့်အတွက် ကာကွယ်ရေးတပ်များ ပြန်လည်ဆုတ်ခွါလာကြရသည်ဟုၚင်းကပြောသည်။

တိုက်ပွဲတွင် ပျားသုံးကျေးရွာမှ ပြည်သူနှစ်ဦးလက်နက်ကြီးထိမှန်ကျဆုံးကာ ပြည်သူ့ကာကွယ်ရေး တပ်သား လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

"ကျွန်တော်တို့တပ်ရင်းကတော့ နှစ်ယောက်ထိတယ် တစ်ယောက်က လက်ဖျံကို ၄၀ မမ အစထိတယ် နောက်တစ်ယောက်က ကျောကုန်းမှာထိတယ် သိပ်တော့မစိုးရိမ်ရပါဘူး ကျောကုန်းထိတဲ့ရဲဘော်ကတော့ ဓာတ်မှန်ရိုက်ကြည့်ရဦးမယ်" ဟုရဲဘော်များ ထိခိုက်မှုအခြေအနေကို ရွှေတြိဂံတပ်ရင်းမှ ရဲဘော်က ပြောသည်။

ပျူစောထီးအင်အားကောင်းသည့် တောင်တွင်းဒေသတွင် စစ်ကောင်စီတပ်များသည် ပျူအင်အားအခြေပြုကာ စစ်ကြောင်းများထိုးပြီး ရွာအချို့အား ဝင်ရောက်မွှေနှောက်နေကြသည်ဟု သိရသည်။

" မင်းကင်းတောင်တွင်းမြောင်ဒေသမှာက ရွာပေါင်း ၃၆ ရွာလောက်ရှိတယ် အဲ့အထဲက တစ်ဝက်နီးပါးလောက်က ပျူစောထီးရွာတွေ ဒီပျူတွေကို စစ်ကောင်စီတပ်တွေက ကာဘိုင်သေနတ်လို့ခေါ်တဲ့ ခြောက်တောင့်ထိုးသေနတ်တွေပေးထားတယ်လို့လည်းသိရတယ်" ဟု တောင်တွင်းမြောင်ဒေသမှ ပျူစောထီးများအခြေအနေကို ရွှေတြိဂံတပ်ရင်းမှ ရဲဘော်က ပြောသည်။

အဆိုပါတိုက်ပွဲတွင် မင်းကင်းမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ် MKPDF-2 ၊ TDPDF (Mingin) ၊ ကနီပြည်သူ့ကာကွယ်ရေးတပ်၊ KPDF-2 ၊ KLGPDF ၊ ရွှေတြိဂံတပ်ရင်း၊ ရွှေသမင်မုဆိုး၊ မြွေဆိုး စသည့်ကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းတိုက်ခိုက်ကြခြင်းဖြစ်သည်။

ယခုတိုက်ပွဲဖြစ်ရာ တောင်တွင်းမြောင်ဒေသ ကျော်ရွာတွင် ပျူစောထီးနှင့် စစ်ကောင်စီတပ်သားများရှိနေသေးကြောင်းသိရပြီး ၄င်းတို့ထဲမှ အချို့သည် ပျားသုံးကျေးရွာမှ နေအိမ်များအား ဖျက်ဆီးကာ တန်ဖိုးရှိပစ္စည်းများအား ယူဆောင်သွားသည်ဟုသတင်းရကြောင်းလည်း ၄င်းကပြောသည်။

https://www.mizzimaburmese.com/article/102671

---------------------------------------------------------------------------------------------------

## ကော့ကရိတ်မှာ တစ်လနီးပါးအတွင်း စစ်ဘေးဒုက္ခသည် တစ်သောင်းကျော်ရှိလာ

2022.03.23

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ စစ်ဘေးဒုက္ခသည်များအား ၂၀၂၂ ခုနှစ် မတ်လ ၂၀ ရက်နေ့က တွေ့ရစဉ် Photo: CJ

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှာ မတ်လအစောပိုင်းကစလို့ တိုက်ပွဲတွေ ဆက်တိုက် ဖြစ်ပွားနေရာ ရွာပေါင်း ၂၁ ရွာက ဒေသခံ တစ်သောင်းကျော်ဟာ ဘေးလွတ်ရာ ထွက်ပြေး တိမ်းရှောင်နေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

စစ်ကောင်စီတပ်တွေနဲ့ ကရင်အမျိုးသားအစည်းအရုံး (KNU) လက်အောက်ခံတပ်တွေ မတ်လဆန်းပိုင်းကတည်းက တိုက်ပွဲတွေဖြစ်နေလို့ ဒေသခံတွေ ထွက်ပြေးနေရတာလို့ ဒေသခံတစ်ဦး က RFA ကို ပြောပါတယ်။

**"သူတို့က စစ်ကြောင်းထိုးလာတော့ ဒီဘက်မှာ Camp တွေ သေချာမဖွင့်နိုင်သေးဘူး။ နီးစပ်ရာ ရွာတွေကိုပဲ၊ အမျိုးအိမ်တွေကိုပဲ ကိုယ့်ပစ္စည်းကိုယ်သယ်ပြီး သူတို့ရှေ့နည်း နည်းတိုးလာရင် နောက်တစ်နေရာ လိုက်သွားနေရတာပဲခင်ဗျ"**

ကော့ကရိတ်မြို့နယ်ထဲက ရွာတန်းရှည်ရွာ၊ အံမကြီးရွာ၊ ကတိုးထရွာ တို့က ရွာသားတွေ အများဆုံး တိမ်းရှောင်နေကြရပြီး စုစုပေါင်း ရွာပေါင်း ၂၁ ရွာက လူပေါင်း ၁၁,၉၇၇ ဦး စစ်ဘေးရှောင်နေရတာလို့ ပြောပါတယ်။

စစ်ကောင်စီတပ်ဘက်က စစ်ကြောင်းထိုးတိုင်း တိမ်းရှောင်နေရတဲ့ ဒေသခံတွေဟာ နေရပ်ပြန်နိုင်ဖို့ဆို မိုင်းရှင်းလင်းရေး လုပ်ဆောင်ဖို့လည်း လိုတယ်လို့ ပြောပါတယ်။

KNU က စစ်ကောင်စီတပ်တွေကို မြဝတီ လေးကွေ့ကော်နဲ့ ကော့ကရိတ် တောင်ပိုင်းကနေ ထွက်ခွာဖို့ မတ်လ ၇ ရက်က ကြေညာခဲ့သလို ကော့ကရိတ်မြို့နယ်ထဲက စစ်ကောင်စီ လက်အောက်ခံ ဝန်ထမ်းတွေကို ထွက်ခွာကြဖို့ မတ်လ ၁၇ ရက်ကလည်း သတိပေးချက် တွေ ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း စစ်ကောင်စီဘက်က ထိုးစစ်ဆင်နေတာလို့ ပြောပါတယ်။

အဲဒီတိုက်ပွဲတွေကြားမှာ ကော့နွဲ၊ ရွာသစ်ကုန်း၊ ကတကူး၊ အံကလော်၊ ကျောင်စရစ်ကုန်း၊ မြို့ဟောင်း၊ မောင်းမရွာသစ်၊ တမိုင်ကုန်း၊ သာယာကုန်း၊ ကြောင်လျာကုန်း၊ စက္ကဝက်၊ အောင်လှိုင်၊ ကတိုးထ၊ တဝေါ သော၊ အံဖလေး၊ နောင်နှိုင်း၊ နန်းရွှေမှုန်၊ ရွာတန်းရှည်၊ အောင်တွင်းကုန်းနဲ့ အောင်ဖာခိ စတဲ့ ရွာပေါင်း ၂၁ ရွာက ဒေသခံတွေ ဘေးလွတ်ရာ တိမ်းရှောင်နေကြရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၇ ရက်ကနေ ၂၃ ရက် အတွင်း ကော့ကရိတ်မြို့နယ်ထဲ စစ်ကောင်စီ တပ်နဲ့ KNU တပ်တွေနဲ့ တိုက်ပွဲတွေကြောင့် ရွာပေါင်း ၂၇ ရွာက ဒေသခံတွေ တိမ်းရှောင်ခဲ့ရ တယ်လို့ KNU ဒူးပလာယာခရိုင်က ဇန်နဝါရီ ၂၃ ရက်က ထုတ်ပြန်ပါတယ်။

https://www.rfa.org/burmese/news/karen-refugees-flee-03232022084834.html

---------------------------------------------------------------------------------------------------------

## နိုင်ငံတဝန်း နေရပ်စွန့်ထွက်ပြေးရသူ ၈၉၀,၀၀၀ ခန့်ရှိ၊ ချင်း၊ စစ်ကိုင်းနှင့် မကွေးက အများဆုံးဖြစ်

Published By DVB | 23 March, 2022

မြန်မာတနိုင်ငံလုံးမှာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ မတိုင်ခင်က နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူ ၃ သိန်း ၇ သောင်းနဲ့ အာဏာသိမ်းပြီးနောက်ပိုင်းမှာ ၅၁၂,၆၀၀ အပါအဝင် စုစုပေါင်းလူဦးရေ ၈၈၉,၉၀၀ ယောက်ထိ ရှိလာပြီလို့ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) က ဒီကနေ့ ထုတ်ပြန်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းမှာ အကြမ်းဖက် စစ်ကောင်စီတပ်တွေနဲ့ ဒေသခံ ချင်းပြည်နယ်ကာကွယ်ရေးတပ်ဖွဲ့၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေကြားက တိုက်ပွဲတွေ ပြင်းထန်နေပြီး

အဆိုပါတိုက်ပွဲတွေကြောင့် ချင်းပြည်နယ်၊ စစ်ကိုင်းနဲ့ မကွေးတိုင်းတို့မှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုတွေ၊ အရပ်သားပိုင် ပစ္စည်းတွေ ဖျက်ဆီးခံရမှုတွေ ဖြစ်ပွားနေတယ်လို့ ဆိုပါတယ်။

ကုလသမဂ္ဂရဲ့ မတ် ၁၄ ရက်အထိ ရရှိတဲ့ ကိန်းဂဏန်းတွေအရ စစ်အာဏာသိမ်းပြီးချိန်ကတည်းက ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုတွေကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးရသူဦးရေ ၂၇၂,၉၀၀ ယောက်ရှိနေပြီး အဆိုပါ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ အများဆုံး ရှိနေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အိန္ဒိယနိုင်ငံထဲကို ဝင်ရောက်တိမ်းရှောင်နေရသူ ဦးရေမှာလည်း ၃၁,၀၀၀ ကျော် ရှိနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ကတည်းက အိမ်အလုံးပေါင်း ၄,၆၀၀၊ ဘုရားကျောင်းနဲ့ ဘုန်းကြီးကျောင်းတွေ အပါအဝင် အရပ်သားပိုင် ပစ္စည်းများစွာဟာလည်း မီးရှို့ဖျက်ဆီးခံနေရပါတယ်။

မြန်မာနိုင်ငံမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက် သတ်ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင် ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

https://burmese.dvb.no/archives/523764

------------------------------------------------------------------------------------------------------------

## စစ်ဆင်ရေးများအား ထိန်းထိန်းသိမ်းသိမ်းလုပ်ရန် စစ်တပ်ကို အထူးကိုယ်စားလှယ် တိုက်တွန်း

By ဧရာဝတီ | 23 March 2022

မြန်မာ စစ်တပ်အား စစ်ဆင်ရေးများတွင် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန် တိုက်တွန်းခဲ့ကြောင်း မြန်မာနိုင်ငံသို့ ၂ ရက်ကြာ လာရောက်ခဲ့သည့် အာဆီယံ ဥက္ကဋ္ဌ၏ အထူး ကိုယ်စားလှယ်ဖြစ်သူ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ပရက်ဆွတ်ခွန်းက ပြောသည်။

မြန်မာနိုင်ငံမှ ပြန်လည် ရောက်ရှိလာသည့်နောက် မတ်လ ၂၃ ရက် နံနက်ပိုင်းတွင် ဖနွမ်းပင်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲ၌ ၎င်းက ထိုသို့ ပြောဆိုခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယား သတင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ထို့ပြင် မစ္စတာ ပရက်ဆွတ်ခွန်းသည် ဖမ်းဆီးခံထားရသည့် သြစတြေးလျနိုင်ငံသား စီးပွားရေး ပညာရှင် မစ္စတာ ရှောင် တာနယ် အပါအဝင် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန်လည်း မြန်မာစစ်တပ်ထံ တောင်းဆိုခဲ့ကြောင်း ပြော သည်။

ဆက်လက်၍ ၎င်းက မြန်မာ့အရေးသည် ရှုပ်ထွေးသည့်အတွက် အချိန်ယူ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ တထိုင်တည်းနှင့် အားလုံး ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း သတင်းထောက်များကို ပြောသည်။

မြန်မာနိုင်ငံတွင် လူသားချင်း စာနာမှု အကူအညီများ မည်ကဲ့သို့ ဖြန့်ဝေနိုင်မည်ဆိုသည့် အစီအစဉ်နှင့် ပတ်သက်၍ လည်း တိုင်ပင်မည့် အစည်းအဝေး တရပ်ကို ဧပြီလကုန်နှင့် မေလ အစောပိုင်းတွင် ကျင်းပရန် ရှိနေသည်ဟုလည်း အထူးကိုယ်စားလှယ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

လာမည့် အတိုင်ပင်ခံ အစည်းအဝေးတွင် သက်ဆိုင်သူ အားလုံးကို ခွဲခြား ဆက်ဆံမှုမရှိဘဲ မြန်မာနိုင်ငံတွင် လိုအပ်နေ သော လူသားချင်း စာနာမှု အကူအညီများ ဖြန့်ဝေနည်းနှင့် ပတ်သက်၍ အမြင်ချင်း ဖလှယ်နိုင်မည်ဖြစ်ကြောင်း၊ အစည်းအဝေးတွင် လူသားချင်းစာနာမှု အကူအညီများ အတားအဆီးမရှိ ချောမွေ့စွာ ဖြန့်ဝေနိုင်ရေး ဆွေးနွေးအဖြေ ရှာကြမည် ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံ ဘုံသဘောတူညီချက် ၅ ချက် အကောင်အထည်ဖော်မှုကို ညှိနှိုင်းစောင့်ကြည့် ရန် အပါအဝင် အာဆီယံနှင့် မြန်မာနိုင်ငံဆိုင်ရာ လုပ်ငန်းများကို ပံ့ပိုးကူညီရန်အတွက် မြန်မာမိတ်ဆွေများ အဖွဲ့ ဖွဲ့ စည်းရန်နှင့် လူသားချင်းစာနာမှု စကြံနံတခု ဖန်တီးရန်ဆိုသည့် အဓိက အချက် ၃ ချက်ကို ဆွေးနွေးကြမည်ဖြစ် ကြောင်း အထူးကိုယ်စားလှယ်က ဆိုသည်။

ယင်းအချက်များသည် အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများ၏ သဘောတူညီချက်များကို အကောင်အထည်ဖော်မည့် ပြီးခဲ့သည့် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ နိုင်ငံ ဘရူးနိုင်း၊ လက်ရှိအာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ ကမ္ဘောဒီးယား၊ လာမည့် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ အင်ဒိုနီးရှားတို့ပါဝင်သော ASEAN Troika ယန္တရား၏ ဖော်ပြချက်ထဲတွင် အကျုံးဝင် ကြောင်း သိရသည်။

ကမ္ဘောဒီးယား အစိုးရပိုင် AKP သတင်း ဌာနကလည်း အထူး သံတမန်၏ မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက် လည် ပတ်မှုသည် စစ်အာဏာရှင်အစိုးရကို တရားဝင်စေရန် မဟုတ်ဘဲ အကြမ်းဖက်မှုများ အဆုံးသတ်သွားစေရန်နှင့် ပါတီ အားလုံးက အစွမ်းကုန် ထိန်းထိန်းသိမ်းသိမ်း လုပ်နိုင်ရေး အခွင့်သာသော အခြေအနေ ဖန်တီးရန် ဖြစ်ကြောင်း ၎င်း တို့၏ ဝဘ်ဆိုက်တွင် ဖော်ပြသည်။

ထို့ပြင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဝေခြင်းနှင့် သက်ဆိုင်သူအားလုံးကြား နိုင်ငံရေး ဆွေးနွေးပွဲများ ဖြစ်လာနိုင်ရေး အားပေးရန် ဖြစ်ကြောင်း AKP သတင်းက ဆိုသည်။

အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ၏ အထူး ကိုယ်စားလှယ် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး Prak Sokhonn သည် မတ်လ ၂၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံမှတဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး အာဏာသိမ်း မြန်မာ စစ်ခေါင်း ဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့သည်။

ယင်းပြင် စစ်ကောင်စီ၏ နိုင်ငံခြားရေး ဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဦးကိုကိုလှိုင်၊ စစ်ကောင်စီခန့် လူကယ်ပြန် ဝန်ကြီး ဒေါ်သက်သက်ခိုင်နှင့် စစ်ကောင်စီ၏ အမျိုးသား စည်းလုံး ညီ ညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ (NSPNC) ဥက္ကဋ္ဌ ဒု ဗိုလ်ချုပ်ကြီး ရာပြည့် အပါအဝင် ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးကိုကိုကြီးတို့နှင့်လည်း တွေ့ဆုံခဲ့သည်။

အထူးကိုယ်စားလှယ်သည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီမှ သမ္မတဟောင်း ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်နှင့် တွေ့ဆုံနိုင်ရန် စီစဉ်ခဲ့သော်လည်း ဒေါ်စုစုလွင်ဘက်က ကျန်းမာရေးအကြောင်းပြကာ တွေ့ဆုံရန် ငြင်းဆိုခဲ့သဖြင့် မတွေ့ဖြစ်ခဲ့ကြောင်း NLD ပါတီထံမှသိရသည်။

https://burma.irrawaddy.com/news/2022/03/23/250804.html

---

## ထိန်းသိမ်းသည်းခံရန် စစ်တပ်ကို တိုက်တွန်းခဲ့သလို ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်အတွက် ဆွေးနွေးခဲ့ဟု အာဆီယံသံတမန် ပြော

By ရိုက်တာ | 23 March 2022

ထိုးစစ်များအတွင်း ထိန်းသိမ်းသည်းခံမှု ပြသရန် မြန်မာအာဏာသိမ်းစစ်တပ်ကို တိုက်တွန်းခဲ့သည်ဟု အာဆီယံအထူးသံတမန်ဖြစ်သူက မတ်လ ၂၃ ရက်တွင် ပြောသည်။ ဖြုတ်ချခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် လက်ရှိ တရားရုံးအမှု ရင်ဆိုင်နေရဆဲဖြစ်သည့်အတွက် သူမနှင့် တွေ့ခွင့် ပြုမည် မဟုတ်ဟု အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်က ၎င်းကို ပြောခဲ့သည်ဟု အာဆီယံအထူးသံတမန်က ပြောသည်။

မြန်မာနိုင်ငံ ခရီးစဉ်အတွင်း ဩစတြေးလျ စီးပွားရေးပညာရှင် ရှောင်တာနဲလ် အပါအဝင် အကျဉ်းကျခံနေရသူများ ပြန်လွတ်ရေးအတွက် ၎င်းအနေဖြင့် ကြိုးပမ်းခဲ့သည်ဟု အာဆီယံအထူးသံတမန် ပရက်ခ် ဆော့ခွန်းက ပြောသည်။ ရှေ့ကာလတစ်ခုတွင် ဒေါ်အောင်ဆန်းစုကြည်အပြင်

အခြားထိန်းသိမ်းခံထားရသူများနှင့် တွေ့ဆုံရန် ပန်ကြားချက်တစ်ခုကို စဉ်းစားပေးသွားမည်ဟု မင်းအောင်လှိုင်က ၎င်းကို ပြောခဲ့သည်ဟု ဆော့ခွန်းက ပြောသည်။

ယမန်နှစ်က စစ်တပ်အာဏာသိမ်းမှုနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်ကို ဖြုတ်ချဖယ်ရှားခဲ့ရာ ယင်းက ဆယ်စုနှစ်တစ်စုကြာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုနောက်ပိုင်း နိုင်ငံတွင် ပရမ်းပတာဖြစ်မှုနှင့် သွေးထွက်သံယိုမှုများကို ဖြစ်ပေါ်စေခဲ့သည်။

နိုဘယ်လ် ငြိမ်းချမ်းရေးဆုရှင်သည် နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေ ချိုးဖောက်မှုနှင့် အဂတိလိုက်စားမှု စွဲချက်များ အပါအဝင် ပြစ်မှု တစ်ဒါဇင်ကျော်အတွက် တရားရုံး အမှုရင်ဆိုင်နေရသည်။ ပြစ်မှုတစ်ချို့အတွက် သူမတွင် အပြစ်ရှိသည်ဟု တရားရုံးက ဆုံးဖြတ်ထားခဲ့သော်လည်း သူမက စွဲချက်အားလုံးကို ပယ်ချထားခဲ့သည်။

ယခုအပတ် ၎င်း၏ မြန်မာခရီးစဉ်က အာဏာသိမ်းစစ်တပ်ကို တရားဝင်ဖြစ်စေမှုအဖြစ် ဝေဖန်သူများက ရှုမြင်မှုအပေါ် ၎င်းအနေဖြင့် နားလည်ပါကြောင်း ပရက်ခ် ဆော့ခွန်းက ပြောသည်။ သို့သော် ၎င်း၏ နှစ်ရက်တာ ခရီးစဉ်က အကျပ်အတည်းကို ပြေလည်အောင် ဖြေရှင်းနိုင်ရေးအတွက် အပေါင်းလက္ခဏာဆောင်သော ခြေလှမ်းတစ်ခုဖြစ်သည်ဟု ၎င်းအနေဖြင့် ရှုမြင်သည်ဟု ပြောခဲ့သလို မြန်မာအကျပ်အတည်း ဖြေရှင်းရေးက ကမ္ဘောဒီးယား၏ ယခုနှစ် အာဆီယံ ဥက္ကဋ္ဌ တာဝန်ယူမှုသက်တမ်းအတွင်း လုပ်ဆောင်နိုင်မည်မဟုတ်ဟု ၎င်းက ပြောသည်။

“မြန်မာ့အရေးက ရှုပ်ထွေးပါတယ်။ ဒါကို ဖြေရှင်းဖို့ အချိန်ကာလရှည်တစ်ခု လိုပါတယ်။ ကျွန်တော်တို့ဟာ ဒါကို ဥက္ကဋ္ဌသက်တမ်းတစ်ခု ဒါမှမဟုတ် လက်ရှိ ဥက္ကဋ္ဌ သက်တမ်းအတွင်းမှာ မဖြေရှင်းနိုင်ပါဘူး” ဟု ၎င်းက ကမ္ဘောဒီးယားသို့ အပြန် သတင်းထောက်များကို ပြောသည်။

“ခရီးစဉ်နဲ့ပတ်သက်လို့ မျှော်မှန်းချက်လယ်ဗယ် အသီးသီး ရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်။ အပစ်အခတ်ရပ်စဲမှုတစ်ခု၊ သက်ဆိုင်ပတ်သက်သူ အားလုံးနဲ့ ကျွန်တော် တွေ့ဆုံတာ၊ ဒီမိုကရေစီကို မူလအခြေအနေအတိုင်း ပြန်သွားတာတို့ကို မြင်ချင်တဲ့သူတွေ ရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်” ဟု ၎င်းက ပြောသည်။

“ဝေဖန်မှုတွေ နောက်ကွယ်က အကြောင်းရင်းတွေကို ကျွန်တော် နားလည်ပါတယ်။ သူတို့က နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီဝင်တွေကို တရားဝင်ဖြစ်မှု မပေးစေချင်ပါဘူး” ဟု ၎င်းက ပြောသည်။

ပရက်ခ် ဆော့ခွန်း၏ ခရီးစဉ်က အာဏာသိမ်းစစ်အုပ်စု ဆန့်ကျင်သူများအတွက် မချင့်မရဲ စိတ်ပျက်စရာ ဖြစ်ခဲ့ရပြီး အကြောင်းမှာ ယင်းခရီးစဉ်တွင် ၎င်းသည် အာဏာသိမ်းစစ်ဗိုလ်ချုပ်ကြီးများအပေါ်တွင်သာ အဓိက ဗဟိုပြုပြီး အခြားသော ပါတီအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအများစုကို ဖျက်သိမ်းထားခဲ့၍ဖြစ်သည်။

မြန်မာနိုင်ငံရှိ အကြမ်းဖက်မှုကို အဆုံးသတ်ရန် ယမန်နှစ်က သဘောတူခဲ့သည့် ဘုံသဘောတူညီချက် ငါးချက်နှင့်ပတ်သက်ပြီး တိုးတက်မှု မမြင်ရမချင်း အာဆီယံသည် ယင်း၏ ထိပ်သီးတွေ့ဆုံပွဲများ၌ မြန်မာအာဏာသိမ်းစစ်ဗိုလ်ချုပ်ကြီးများကို တက်ရောက်ခွင့် ပိတ်ပင်ထားခဲ့သည်။

မြန်မာအာဏာသိမ်းစစ်တပ်သည် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများ ကျူးလွန်ထားပြီး အရပ်သားများအပေါ် တမင်ရည်ရွယ် ပစ်မှတ်ထားနေခဲ့သည်ဟု ကုလသမဂ္ဂက ပြီးခဲ့သည့်အပတ်က ပြောခဲ့သည်။ ယင်းအပေါ် အာဏာသိမ်းစစ်တပ်က မတုံ့ပြန်ထားသေးပေ။

https://www.mizzimaburmese.com/article/102623

------------------------------------------------------------------------------------------

## အာဆီယံကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်မရ

2022.03.23

မြန်မာနိုင်ငံကို သုံးရက်ကြာ လာရောက်ခဲ့တဲ့ အာဆီယံအထူးကိုယ်စားလှယ် ကမ္ဘောဒီးယား နိုင်ငံခြားရေး ဝန်ကြီး ပရက်ဆော့ခွန်းက ဖမ်းဆီးထိန်းသိမ်းခံနေရတဲ့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဆုံခွင့်တောင်းဆိုခဲ့ပေမယ့် စစ်ကောင်စီ ငြင်းပယ်ခဲ့ပါတယ်။

အမှုရင်ဆိုင်နေရသူနဲ့ တွေ့ဆုံခွင့်မရှိဘူးလို့ စစ်ကောင်စီခေါင်းဆောင်က ပြောဆိုခဲ့တဲ့ အကြောင်း ရိုက်တာသတင်းမှာ ဒီကနေ့ ဖော်ပြပါတယ်။

အာဆီယံအထူးကိုယ်စားလှယ် ကမ္ဘောဒီးယား နိုင်ငံခြားရေး ဝန်ကြီး ပရက်ဆော့ခွန်းနှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် မတ်လ ၂၁ ရက်နေ့က နေပြည်တော်တွင် တွေ့ဆုံစဉ်။ Photo: AFP

အာဆီယံအထူး ကိုယ်စားလှယ်ဟာ မြန်မာနိုင်ငံက ဒီကနေ့ ပြန်ရောက်လာပြီး သတင်းထောက်တွေကို ဖနွမ်းပင်မြို့မှာ ပြောခဲ့တာပါ။ သူက အဖမ်းခံနေရတဲ့ စီးပွားရေး အကြံပေး ဩစတြေးလျနိုင်ငံသား ရှောင်တာနယ် လွတ်မြောက်ရေးအတွက်လည်း ပြောခဲ့ပါတယ်။

စစ်ကောင်စီ ခေါင်းဆောင်ကတော့ အနာဂတ်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ ဖမ်းဆီးထိန်းသိမ်း ခံနေရသူတွေနဲ့ တွေ့ဆုံခွင့်ရဖို့ကိစ္စကို စဉ်းစားမယ်လို့ တုံ့ပြန်ပါတယ်။ မြန်မာစစ်တပ်ရဲ့ ထိုးစစ်တွေအတွင်း ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ဖို့ကိုလည်း အာဆီယံကိုယ်စားလှယ်က တိုက်တွန်းခဲ့ပါတယ်။

မြန်မာ့အရေးဟာ ရှုပ်ထွေးတယ်၊ ဖြေရှင်းနိုင်ဖို့ အချိန်ယူရမယ်၊ လက်ရှိအာဆီယံဥက္ကဋ္ဌ အလှည့်ကျ သက်တမ်းမှာ ဖြေရှင်းနိုင်မှာ မဟုတ်ဘူးလို့လည်း မစ္စတာပရက်ဆော့ခွန်းက ပြောပါတယ်။

သူ့ရဲ့ ပထမအကြိမ် မြန်မာပြည် ခရီးစဉ်အတွင်း တိုးတက်မှု အနည်းငယ်ရှိခဲ့တယ်၊ အာဆီယံ နိုင်ငံတွေက သံတမန်တွေ၊ ဦးကိုကိုကြီးခေါင်းဆောင်တဲ့ ပြည်သူ့ပါတီနဲ့ တွေ့ခွင့်ရခဲ့တယ်လို့ ပြောတဲ့အကြောင်း AP သတင်းမှာ ဖော်ပြထားပါတယ်။

သူ့ရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ စစ်ကောင်စီကို တရားဝင်ဖြစ်စေတယ်ဆိုတဲ့ ဝေဖန်ချက် တွေကို သူ့အနေနဲ့ နားလည်ပါတယ်လို့လည်း ပြောပါတယ်။ အထူးကိုယ်စားလှယ်ရဲ့ ခရီးစဉ်ကို စစ်ကောင်စီ ဆန့်ကျင်သူတွေက သဘောမတူကြပါဘူး။ သူ့ခရီးစဉ်အတွင်း တွေ့ဆုံဖို့ စီစဉ်ထားတာ တော်တော်များများလည်း ဖျက်ခဲ့ရပါတယ်။

https://www.rfa.org/burmese/news/asean-representative-could-not-meet-daw-aung-san-su-kyi-03232022083231.html

----------------------------------------------------------------------------------------------

## လူမျိုးတုံးသတ်ဖြတ်မှု အမေရိကန် သတ်မှတ်ချက် ARSA အဖွဲ့ ကြိုဆို

2022.03.23

၂၀၂၂ ခုနှစ် မတ်လ ၂၁ ရက်နေ့က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့ရှိ Holocaust Museum လူမျိုးတုံးသတ်ဖြတ်မှု မှတ်တမ်းပြတိုက်မှာ မှတ်တမ်းများ ကြည့်ရှုနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်။ Photo - Reuters

ရိုဟင်ဂျာတွေဟာ မြန်မာစစ်တပ်ရဲ့ လူမျိုးတုံးသတ်ဖြတ်မှုကို ခံနေရတယ်လို့ အမေရိကန်ပြည်ထောင်စုက သတ်မှတ်လိုက်တာကို ကြိုဆိုကြောင်း ARSA ခေါ် အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော်က မတ်လ ၂၃ ရက် ဒီကနေ့ ကြေညာချက် ထုတ်ပြန်ပါတယ်။

အရပ်သား အစိုးရတွေ အပါအဝင် မြန်မာအစိုးရ အဆက်ဆက်က ရိုဟင်ဂျာတွေကို လူမျိုးတုံးစေဖို့ လုပ်ဆောင်ခဲ့တယ်လို့လည်း ဆိုပါတယ်။

ရိုဟင်ဂျာအရေးကို ထောက်ခံတဲ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေကို အသိအမှတ်ပြုကြောင်းနဲ့ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်တဲ့ မြန်မာစစ်တပ်ရဲ့ လုပ်ရပ်တွေကို သက်သေအထောက်အထား ရှာဖွေပေးကြတဲ့ အဖွဲ့အစည်းတွေ၊ ရိုဟင်ဂျာအရေး လှုပ်ရှားသူတွေကိုလည်း အသိအမှတ်ပြုတယ်လို့ ARSA အဖွဲ့ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ရိုဟင်ဂျာတွေအပေါ် လူမဆန်တဲ့ ပြစ်မှုကျူးလွန်သူတွေကို အရေးယူနိုင်ဖို့ နိုင်ငံတကာအသိုင်းအဝန်းကို တိုက်တွန်းတယ်လို့လည်းဆိုပါတယ်။

ရိုဟင်ဂျာတွေဟာ ကိုယ့်ရဲ့ရခိုင်ဒေသမှာ အရင်ကတည်းက ရှိခဲ့တဲ့ တိုင်းရင်းသားအဖြစ် လုံခြုံစိတ်ချမှုနဲ့ ပြန်နေနိုင်ရေး နိုင်ငံတကာ အသိုင်းအဝန်းက အားပေးကြဖို့ကိုလည်း တိုက်တွန်းထားပါတယ်။

သန်းနဲ့ချီတဲ့ ရိုဟင်ဂျာ ဒုက္ခသည်တွေကို လက်ခံပေးထားတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အခန်းကဏ္ဍကိုလည်း အမေရိကန်ပြည်ထောင်စုအနေနဲ့ မမေ့ဖို့နဲ့ နိုင်ငံတကာကလည်း ဘင်္ဂလားဒေ့ရှ်အစိုးရရဲ့ ရိုဟင်ဂျာအရေးဆောင်ရွက်မှုတွေကို အားပေးရလိမ့်မယ်လို့ ARSA အဖွဲ့ရဲ့ ဒီကနေ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ARSA အဖွဲ့ကို အရင် NLD အစိုးရလက်ထက်ကတည်းက အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားတာပါ။

မြန်မာစစ်တပ်က လူမျိုးတုံး သတ်ဖြတ်မှု ကျူးလွန်ခဲ့တယ်ဆိုတဲ့ အမေရိကန် အစိုးရရဲ့ ကြေညာချက်ဟာ မမှန်ကန်တဲ့ အချက်အလက်တွေကို ကိုးကားဆုံးဖြတ်ခဲ့တယ်ဆိုပြီး အာဏာသိမ်း စစ်ကောင်စီဘက်က ကန့်ကွက်ထားပါတယ်။

[https://www.rfa.org/burmese/news/arsa-welcome-us-decleration-genocide-rohina-myanmar-military-03232022074724.html](https://www.rfa.org/burmese/news/arsa-welcome-us-decleration-genocide-rohina-myanmar-military-03232022074724.html)

-----------------------------------------------------------------------------------------

## ဩစတြေးလျတရားရုံးတွင် မြန်မာစစ်ခေါင်းဆောင်များ စစ်ရာဇဝတ်မှုဖြင့် တရားစွဲခံရနိုင်

Published By DVB | 23 March, 2022

မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းပြီးကတည်းက စစ်ကောင်စီတပ်တွေ ကျူးလွန်ခဲ့တဲ့ စစ်ရာဇဝတ်မှုတွေအတွက် မြန်မာစစ်ခေါင်းဆောင်တွေကို ဩစတြေးလျမှာ တရားစွဲခံရနိုင်တယ်လို့ မဲလ်ဘုန်း အခြေစိုက် ဩစတြေးလျသတင်းစာ The Age မှာ ရေးထားပါတယ်။

မြေပြင်ကြီးကြပ် အမိန့်ပေးကွပ်ကဲသူတွေကနေ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အထိ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်အများအပြားကို စွဲဆိုမယ့်အမှုတွေကို မြန်မာနိုင်ငံရဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ပြင်ဆင်နေပြီး သူတို့ကို ဩစတြေးလျမှာ အလုံးစုံတရားစီရင်ပိုင်ခွင့်အောက်မှာ တရားစွဲဆိုသွားမှာဖြစ်ပါတယ်။

ဒီဆောင်ရွက်ချက်ဟာ ဩစတြေးလျမြေပေါ်မှာ ဖြစ်ပွားတဲ့ အမှုတွေ မဟုတ်ခဲ့ရင်တောင်မှ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ၊ လူမျိုးတုံးသတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနဲ့ တခြားစစ်ပွဲတွင်း နှိပ်စက်မှုတွေကို ကျူးလွန်ကြောင်း သံသယရှိသူတွေကို ဩစတြေးလျဥပဒေအရ အရေးယူခံရဖို့ ခွင့်ပြုပေးမှာဖြစ်ပါတယ်။

စစ်တပ်အရာရှိတွေကို စွဲဆိုမယ့်အမှုတွေမှာ မြန်မာနိုင်ငံ အရှေ့ပိုင်း၊ ကယားပြည်နယ်နဲ့ အနောက်မြောက်ဘက်က စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ၊ အရပ်သားတွေကို ပစ်မှတ်ထားပြီး ရွာတွေ မီးရှို့တာနဲ့ မြန်မာနိုင်ငံ အနောက်ဘက် ချင်းပြည်နယ်မှာ နယ်မြေရှင်းလင်းရေး လုပ်ငန်းတွေ ဆောင်ရွက်ခဲ့တာတွေလည်း ပါဝင်လိမ့်မယ်လို့ ဆိုပါတယ်။

အဲဒီထဲမှာမှ မနှစ်က အနည်းဆုံး လူ ၃၅ ဦးကို ကားတွေထဲမှာ ပစ်ခတ် မီးရှို့သတ်ဖြတ်ခဲ့တဲ့ ကြောက်စရာ ခရစ္စမတ်အကြိုနေ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုလည်း ပါဝင်ပါတယ်။

NUG ကိုယ်စားလှယ် ဒေါက်တာထွန်းအောင်ရွှေ အဆိုအရ ရက်စက်ကြမ်းကြုတ်မှုတွေ ဖြစ်ပွားခဲ့တဲ့ ဒေသတွေက မြေပြင်ကွပ်ကဲတဲ့ စစ်တပ်အရာရှိတွေကို အရေးယူဖို့ ဆောင်ရွက်နေပြီး တပ်မတော်ရဲ့ လုပ်ရပ်အတွက် အလုံးစုံ တာဝန်ရှိသူဟာ အဓိက ကတော့ မင်းအောင်လှိုင်သာဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာစစ်အစိုးရ အဖွဲ့ဝင်တွေအပေါ် စစ်ရာဇဝတ်မှု စွဲချက် တင်နိုင်ခြေနဲ့ ပတ်သက်လို့ စုံစမ်းစစ်ဆေးပေးဖို့ ထင်ရှားတဲ့ မြန်မာလူမျိုး-ဩစတြေးလျနိုင်ငံသားတချို့က ကျနော်တို့ကို တောင်းဆိုထားတယ်လို့ Gilbert + Tobin ဥပဒေလုပ်ငန်းမှ မန်နေဂျင်းပါတနာ Danny Gilbert ဒန်နီဂေးလ်ဘတ်က ပြောပါတယ်။

ဩစတြေးလျ နိုင်ငံတကာ တရားမျှတမှု ဗဟိုဌာနရဲ့ ရှေ့နေနဲ့ အမှုဆောင်ဒါရိုက်တာ ရာဝန်အာရက်ဖ်ကတော့ နိုင်ငံတကာ တရားစီရင်ရေးဆိုင်ရာ အမှုတွေကို အရေးယူဖို့ ဩစတေးလျအစိုးရကို တိုက်တွန်းခဲ့ပါတယ်။

ဒ့ါအပြင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ နိုင်ငံတွေရဲ့ဗီတိုအာဏာဟာ နိုင်ငံတကာ ရာဇဝတ်ခုံရုံးရဲ့ လက်လှမ်းမီမှုကို လျော့ပါးစေတာကြောင့် အနည်းဆုံးတော့ ဩစတြေးလျ ဖက်ဒရယ်ရဲတပ်ဖွဲ့- ကိုလည်း အမြဲတမ်း စစ်ရာဇဝတ်မှုစုံစမ်းရေး ယူနစ်တစ်ခု ထူထောင်ဖို့ တိုက်တွန်းထားပါတယ်။

ဩစတေးလျအနေနဲ့ ကျူးလွန်သူတွေကို ပြစ်ဒဏ်ကင်းလွတ်ခွင့် မရရှိစေဖို့ သေချာအောင် လုပ်ဆောင်သင့်ပါတယ် လို့လည်း  ပြောကြားခဲ့ပါတယ်။

https://burmese.dvb.no/archives/523854

---------------------------------------------------------------------------------------------------

## မြန်မာ့ဒုက္ခပင်လယ်တွင် ငါးရှာထွက်သော တရုတ်နဂါး

ရန်နိုင်| 23 March 2022

အနောက်ကမ္ဘာသည် ယူကရိန်း အကျပ်အတည်းကို အာရုံစိုက်နေစဉ် မြန်မာမှ တည်ငြိမ်မှုကင်းမဲ့ကာ ပြင်းထန်သောအခြေအနေသည် တရုတ်နဂါးအတွက် အကောင်းဆုံးစားကျက် ဖြစ်နေသည်။

စစ်ကောင်စီက ဒေါ်အောင်ဆန်းစုကြည်၏ ထွန်းသစ်စ ဒီမိုကရေစီအစိုးရကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် လုယူလိုက်ချိန်မှ စတင်ပြီး ဘေဂျင်းသည် သယံဇာတကြွယ်ဝသော မြန်မာတွင် ကျွမ်းကျင်ပြောင်မြောက်စွာ လှုပ်ရှားသည်။

*အပေါ်ယံအားဖြင့်ကြည့်ပါက ဘေဂျင်းသည် မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်း ပြန်လည် လျှောက်လှမ်းရေးကို ထောက်ခံသည့်ပုံ ဖော်နေသော်လည်း မြန်မာနိုင်ငံ အထီးကျန်ဖြစ်ပြီး နောက်ဆက်တွဲအဖြစ် တရုတ်ချုပ်ကိုင်မှုကို ခံမည့် အခြေအနေအား မက်မောနေသည်။*

အပေါ်ယံအားဖြင့်ကြည့်ပါက ဘေဂျင်းသည် မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်း ပြန်လည် လျှောက်လှမ်းရေးကို ထောက်ခံသည့်ပုံ ဖော်နေသော်လည်း မြန်မာနိုင်ငံ အထီးကျန်ဖြစ်ပြီး နောက်ဆက်တွဲအဖြစ် တရုတ်ချုပ်ကိုင်မှုကို ခံမည့် အခြေအနေအား မက်မောနေသည်။

ဘေဂျင်းသည် မြန်မာစစ်အုပ်စုကို လက်နက်တပ်ဆင်ပေးပြီး တိုင်းရင်းသား လက်နက်ကိုင်များကိုလည်း လျှို့ဝှက်ကာ လက်နက်တပ်ဆင်ပေးသောကြောင့် နှစ်ဘက်လုံးသည် ဘေဂျင်းကို ဆက်လက်မှီခိုနေရပြီး ၎င်း၏ ဩဇာအောက်သို့ အခိုင်အမာ ရောက်နေသည်။

တချိန်တည်းတွင် တရုတ်သည် ၎င်းကို လိုလားသော အဖွဲ့ဝင်များမှတဆင့် ၎င်းတို့ က ချင်သော ဇာတ်ကို တင်ဆက်ရန် နေပြည်တော်မှ အာဏာသိမ်း စစ်ကောင်စီနှင့် ပတ်သက်ပြီး သဘောထားကွဲနေသော အာဆီယံကို အလျင်အမြန် အသုံးချသည်။

ထို့ကြောင့် တရုတ်သည် ဒေသတွင်း သံတမန်ရေးကဲ့လွဲမှုမှ အရေးပါသည့် ပြဿနာများကို အာဆီယံမှ တရုတ်အလိုတော်ရိများအတွက် ထားခဲ့ပြီး ၎င်းကိုယ်၎င်းတို့ ဒေသတွင်း တည်ငြိမ်ရေးကိုသာ စိတ်ဝင်စားသည့် တာဝန်သိသော မဟာအင်အားကြီးနိုင်ငံအဖြစ် ပုံဖော်သည်။

သို့သော် မီးရောင်အောက်မှ ပျောက်နေသည့်အချက်မှာ ဘေဂျင်းသည် သေနင်္ဂဗျူဟာအရ အရေးပါသည့် အိမ်နီးချင်းမြန်မာနိုင်ငံတွင် ၎င်း၏ဩဇာအာဏာကို ခိုင်မာအောင် လုပ်နေခြင်းဖြစ်သည်။ ယခု ယူကရိန်းစစ်ပွဲ ဖြစ်လာသောအခါ အခွင့်ကောင်းချောင်းနေသော တရုတ်အတွက် ပိုမိုအခွင့်သာလာသည်။

ပြီးခဲ့သည့်အပတ် အစောပိုင်းတွင် မြန်မာစစ်ကောင်စီသည် CH-3 မောင်းသူမဲ့လေယာဉ်များ အပါအဝင် တရုတ်မှ လက်နက်ခဲယမ်း ပေးပို့မှုတခုကို လက်ခံရရှိသည်။ တချိန်တည်းတွင် မတ်လ ၁၅ ရက်နေ့မှ စတင်ပြီး စစ်ကောင်စီ ကျောထောက်နောက်ခံပြု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ ထိပ်တန်း ခေါင်းဆောင် ၅၀ သည် ကူမင်းတွင် ၆ လကြာ တရုတ်ဘာသာစကားသင်တန်း တက်ရောက်နေကြသည်။

၎င်းတို့ကို မန်ဒရင်း ဘာသာစကားသာမက တရုတ်ကွန်မြူနစ်ပါတီက ယုံကြည်သော သဘောတရားရေးဆိုင်ရာ စည်းမျဉ်းများ၏ ရှုပ်ထွေးနက်နဲမှုများကိုလည်း သင်ကြားပေးမည်ဖြစ်သည်။

တရုတ်၏ ထိုကဲ့သို့သော အစီအစဉ်များသည် ရေရှည်ဩဇာလွှမ်းမိုး ထိန်းချုပ်ထားရေးကို ရည်ရွယ်သည်။ ဥပမာအားဖြင့် ဆိုရလျှင် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ ပုံစံမျိုး လုပ်လာပါက USDP ကဲ့သို့သော နိုင်ငံရေးအုပ်စုကို ပြုစုပျိုးထောင်ထားခြင်းသည် မြန်မာတွင် ဘေဂျင်း၏ ညွှန်ကြားချက်များကို ဆက်လက် အကောင်အထည် ဖော်နိုင်ရေးအတွက် ဖြစ်သည်။

***စီးပွားရေးမျက်နှာစာတွင်လည်း နေပြည်တော်သည် ကြီးမားလှသော တရုတ်စီးပွားရေးကို ပို၍ပို၍ မှီခိုလာရသည်။ တရုတ်သည် ယူနန်ပြည်နယ်နှင့် ရန်ကုန်၊ မန္တလေးအပါအဝင် ဘင်္ဂလား ပင်လယ်အော်ရှိ သေနင်္ဂဗျူဟာကျသော ဆိပ်ကမ်းများကို ဆက်သွယ်ပေးမည့် တရုတ်-မြန်မာ စီးပွားရေး စင်္ကြံအတွင်းသို့ ရင်းမြစ်များကို ပုံအောထားသည်။***

စီးပွားရေးမျက်နှာစာတွင်လည်း နေပြည်တော်သည် ကြီးမားလှသော တရုတ်စီးပွားရေးကို ပို၍ပို၍ မှီခိုလာရသည်။ တရုတ်သည် ယူနန်ပြည်နယ်နှင့် ရန်ကုန်၊ မန္တလေးအပါအဝင် ဘင်္ဂလား ပင်လယ်အော်ရှိ သေနင်္ဂဗျူဟာကျသော ဆိပ်ကမ်းများကို ဆက်သွယ်ပေးမည့် တရုတ်-မြန်မာ စီးပွားရေး စင်္ကြံအတွင်းသို့ ရင်းမြစ်များကို ပုံအောထားသည်။

ထိုစီမံကိန်းသည် ချောင်ကျသည့် အနောက်တောင်ပိုင်းဒေသတွင် တရုတ်ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရုံသာမက အိန္ဒိယပတ်ဝန်းကျင်မှ အရေးပါသော ရေကြောင်းအခြေခံ အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုမှတဆင့် အိန္ဒိယကို ဝိုင်းပတ်ထားရေး ရည်မှန်းချက်ကိုလည်း အောင်မြင်စေမည်ဖြစ်သည်။

ထိုရည်မှန်းချက်အတွက် တရုတ်၏ အခြားစီမံကိန်းများမှာ ရန်ကုန်-စစ်တွေလမ်းအတွက် ငွေကြေး ထောက်ပံ့ခြင်းနှင့် စစ်တွေတွင် စစ်ကောင်စီအတွက် ရေတပ်အခြေစိုက်စခန်း တည်ဆောက်ရေး ဖြစ်သည်။

ရန်ကုန်-စစ်တွေလမ်းသည် တရုတ်နိုင်ငံတောင်ပိုင်းမှ အိန္ဒိယသမုဒ္ဒရာသို့ အတိုဆုံး ကုန်းလမ်းဖြစ်ပြီး စစ်တွေသည် ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ကျော်ကာ အိန္ဒိယနိုင်ငံအရှေ့ပိုင်းမှ အကြီးမားဆုံး မြို့ကြီးဖြစ်သော ကိုလ္လကတ္တားကို ဆက်သွယ်သည့် လမ်းကြောင်းတွင် ကြောက်မက်ဖွယ် တည်ရှိနေသည်။ ထို့ကြောင့် ထိုနေရာတွင် တပ်စွဲထားသည့် ရေတပ်သည် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပင်လယ်ပြင်ကို ခြိမ်းခြောက်နိုင်သည်။

ဘေဂျင်းက မြန်မာတွင် ပါဝင်ပတ်သက်နေခြင်းသည် မဟာအာဏာနိုင်ငံရေးတွင် တကြိမ်တခါတည်းသော ဖြစ်ရပ်မဟုတ်ပေ။ လစ်ဟာသွားသော စီးပွားရေး၊ စစ်ရေးနှင့် နိုင်ငံရေး နယ်ပယ်ကိုမဆို သိမ်းပိုက်ရေး အနောက်နိုင်ငံများနှင့် လမ်းခွဲလာသော မည်သည့်နိုင်ငံမဆိုမှ မတည်ငြိမ်မှုကို အမြတ်ထုတ်အသုံးချရန် ရည်ရွယ်သည့် မူဝါဒဆိုင်ရာ ရွေးချယ်မှုများအနက် တခုသာဖြစ်သည်။

***စစ်အာဏာသိမ်းမှုများနှင့် နိုင်ငံရေး-စစ်ရေး အကျပ်အတည်းများကို အနောက်တိုင်းက ဒေါသနှင့် အရေးယူပိတ်ဆို့မှုများဖြင့် တုံ့ပြန်ချိန်တွင် ဘေဂျင်းကလည်း အလားတူ လိုက်ပါလုပ်ဆောင်နေသယောင် ဟန်ဆောင်သော်လည်း တချိန်တည်းတွင် ၎င်းတို့ဩဇာ ထူထောင်ရေးနှင့် စီးပွားရေး သယံဇာတများကို ချောင်ပိတ်ဖမ်းရေး လုပ်ဆောင်ရန် တုံ့ဆိုင်းခြင်းမရှိပေ။***

စစ်အာဏာသိမ်းမှုများနှင့် နိုင်ငံရေး-စစ်ရေး အကျပ်အတည်းများကို အနောက်တိုင်းက ဒေါသနှင့် အရေးယူပိတ်ဆို့မှုများဖြင့် တုံ့ပြန်ချိန်တွင် ဘေဂျင်းကလည်း အလားတူ လိုက်ပါလုပ်ဆောင်နေသယောင် ဟန်ဆောင်သော်လည်း တချိန်တည်းတွင် ၎င်းတို့ဩဇာ ထူထောင်ရေးနှင့် စီးပွားရေး သယံဇာတများကို ချောင်ပိတ်ဖမ်းရေး လုပ်ဆောင်ရန် တုံ့ဆိုင်းခြင်းမရှိပေ။

အာဖဂန်တွင် ကြောက်လန့်တုန်လှုပ်နေသည့် ခိုလှုံခွင့်တောင်းခံမည့်သူများသည် ထွက်ခွာသွားသော အမေရိကန် C-130 ဟာကျူလီ လေယာဉ်များမှ ပြုတ်ကျသေဆုံးနေစဉ် တရုတ်စက်ယန္တရားများသည် အာဖဂန်မှ မထုတ်ယူရသေးသော များပြားလှသော သယံဇာတများ၊ အထူးသဖြင့် မကြာမီ ဖြစ်ပေါ်လာတော့မည့် လျှပ်စစ်ကားတော်လှန်ရေးတွင် အဓိကအရေးပါသည့် လစ်သီယံကို မျက်စောင်းထိုးကာ သတ္တုတူးဖော်ရေး ကဏ္ဍအတွင်း ခိုးကြောင်ခိုးဝှက် ကျူးကျော်ဝင်ရောက်သွားသည်။

ရုရှားစီးပွားရေးသည် အရေးယူပိတ်ဆို့မှုများကြောင့် စုတ်ပြတ်သပ်လာနေချိန်တွင် တရုတ်သည် ၎င်းတို့၏ ယူနီယံပေး (UnionPay) ငွေပေးချေမှု ယန္တရားကို MasterCard နှင့် Visa တို့ ထွက်ခွာသွားသောနေရာတွင် တိုးချဲ့ရန် ကြိုးစားသည်။

၎င်း၏ဩဇာကို ထူထောင်ရန် ရုပ်သေးများကို ကြိုးဆွဲမည့် ဘေဂျင်းလုပ်ရပ်သည် ယခုအခါမှ သုံးသည့် နည်းလမ်းမဟုတ်ပေ။ အိန္ဒိယသမုဒ္ဒရာတွင် ပင်လယ်ဓားပြ သောင်းကျန်းသည့် ကာလအတွင်း၊ ဆူဒန်မှ ဖရိုဖရဲ အခြေအနေများအတွင်း တကမ္ဘာလုံးက ပင်လယ်လမ်းကြောင်းများနှင့် ကုန်သွယ်ရေကြောင်း လုပ်ငန်းများကို ကာကွယ်ရန် ကြိုးစားနေချိန် တရုတ်သည် အကြောင်းကောင်းကောင်းပြပြီး ထိုရေပိုင်နက်များတွင် ပူးတွဲကင်းလှည့်ခြင်း၊ ကင်းလှည့်ရန် ရေတပ်သင်္ဘောများ ဖြန့်ကျက်ခြင်းကို ပြုလုပ်ခဲ့သည်။

***တရုတ်၏ ထိုသေနင်္ဂဗျူဟာနှင့် လုပ်နည်းလုပ်ဟန်များသည် ထုံးစံအားဖြင့် နိုင်ငံရေး/ စစ်ရေး/ စီးပွားရေး အကျပ်အတည်းများနှင့် စတင်ပြီး ထိုသို့သော နိုင်ငံများသည် စီးပွားရေးအရ ကျေးဇူးကြွေးတင်ကာ မျှော်လင့်ချက်ကင်းမဲ့လောက်အောင် တရုတ်ကြွေးမြီများ တင်ရှိသွားပြီး နိုင်ငံတကာမျက်နှာစာတွင် ထိုနိုင်ငံများ၏ သီးခြားကိုယ်စားပြုမှုနှင့် ပြောရေးဆိုခွင့်တို့ ဆုံးရှုံးသွားစေခြင်းသာ။***

သို့သော် ဘေဂျင်းသည် ဂျီဘူတီတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အရေးကို အသုံးချပြီး အာဖရိက ဦးချိုဒေသအနီးတွင် ပြီးပြည့်စုံသည့် ရေတပ်စခန်းတခုကို တည်ထောင်လိုက်သည်။ တရုတ် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သည် ထိုနေရာမှတဆင့် အိန္ဒိယသမုဒ္ဒရာသို့သာမက မြေထဲပင်လယ်၊ ပင်လယ်နက်နှင့် ပါရှန်ပင်လယ်ကွေ့ အထိပါ ဩဇာပြနိုင်သည်။

မြန်မာသည် နောက်ဆုံးဥပမာဖြစ်သော်လည်း သီရိလင်္ကာ၊ မော်လ်ဒိုက်၊ ပါကစ္စတန်၊ ဂျီဘူတီနှင့် အာဖဂန် ဥပမာများသည်လည်း တရုတ် သေနင်္ဂဗျူဟာနှင့် လုပ်နည်းလုပ်ဟန်များ၏ အတွင်းသရုပ်ကို ပြသနိုင်သည်။

တရုတ်၏ ထိုသေနင်္ဂဗျူဟာနှင့် လုပ်နည်းလုပ်ဟန်များသည် ထုံးစံအားဖြင့် နိုင်ငံရေး/ စစ်ရေး/ စီးပွားရေး အကျပ်အတည်းများနှင့် စတင်ပြီး ထိုသို့သော နိုင်ငံများသည် စီးပွားရေးအရ ကျေးဇူးကြွေးတင်ကာ မျှော်လင့်ချက်ကင်းမဲ့လောက်အောင် တရုတ်ကြွေးမြီများ တင်ရှိသွားပြီး နိုင်ငံတကာမျက်နှာစာတွင် ထိုနိုင်ငံများ၏ သီးခြားကိုယ်စားပြုမှုနှင့် ပြောရေးဆိုခွင့်တို့ ဆုံးရှုံးသွားစေခြင်းသာ။

*(ရန်နိုင်သည် မြန်မာ့ရေးရာလေ့လာသူတဦး၏ ကလောင်အမည်ဖြစ်သည်။ ဧရာဝတီ အင်္ဂလိပ်ပိုင်းပါ ၎င်း၏ The Dragon Fishes in Myanmar's Troubled Waters ကို ဘာသာပြန်ဆိုသည်။)*

https://burma.irrawaddy.com/opinion/viewpoint/2022/03/23/250769.html

-----------------------------------------------------------------------------------------------

## အပစ်အခတ်ရပ်စဲရေး ဒေသတွင်းညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်ရန် ကေအန်ယူကို စစ်ကောင်စီ ကမ်းလှမ်း

Published By DVB | 23 March, 2022

ကရင်ပြည်နယ်အတွင်းတိုက်ပွဲတွေထပ်မဖြစ်ဖို့ ဒေသတွင်း ညှိနှိုင်းရေးအဖွဲ့တဖွဲ့ ဖွဲ့စည်းလိုက်တဲ့ အကြောင်းနဲ့ ဒီအဖွဲ့မှာ ပူးပေါင်းပါဝင်ဖို့ စစ်ကောင်စီက ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ)ထံ စာရေး အကြောင်းကြားလိုက်ပါတယ်။

ဘားအံမြို့ရှိ ကေအန်ယူဗဟိုနဲ့ တပ်မဟာများဆက်ဆံရေးရုံးကို ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က မတ်လ ၂၃ ရက် ဒီကနေ့ နေ့စွဲနဲ့ စာရေးသားပေးပို့ အကြောင်းကြားလိုက်တာပါ။

ဒီစာမှာတော့ " ကရင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်အတွင်း အပစ်အခတ်မဖြစ်ပွားစေရေးအတွက် ဒေသတွင်း ညှိနှိုင်းရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်လို့ အဆိုပါ ညှိနှိုင်းရေးအဖွဲ့မှာ ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) အနေနဲ့ ပူးပေါင်းပါဝင်သွားနိုင်ဖို့နဲ့ ပါဝင်နိုင်မယ့် အမည်စာရင်းကို ပြန်လည်တင်ပြပေးဖို့" ပါရှိပါတယ်။

ဒီအခြေအနေ ဒီကာလမှာ အခုလို ညှိနှိုင်းရေးအဖွဲ့ဖို့အကြောင်းကြားလာတာ ဘာမှအဓိပ္ပါယ်မရှိတဲ့ အကြောင်းနဲ့ စစ်ကောင်စီဟာ အပစ်အခတ်ရပ်စဲရေးခေါ်ပြီး တပ်တွေပဲစေလွှတ်နေတာကြောင့် နေရာတကာမှာ တိုက်ပွဲဖြစ်နေလို့ ယုံကြည်စရာအကြောင်းမရှိဘူးလို့ ကရင်အမျိုးသားအစည်းအရုံး (KNU) ရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ပဒိုစောတာနီးက ပြောပါတယ်။

" အပစ်အခတ်ရပ်စဲရေးဆိုတာ ပါးစပ်နဲ့ ပြောလို့မရဘူး။ လက်တွေ့ပြရတဲ့အနေအထားတွေရှိတယ်။ အပစ်အခတ်ရပ်စဲရေးလုပ်ချင်တဲ့ ဆန္ဒဘာတွေရှိလဲ။ တပ်တွေ ပြန်ရုပ်ပြီလား။ လူတွေသတ်တာဖြတ်တာတွေ ရပ်ပြီလား။ နိုင်ငံရေး သမားတွေ အကုန်လုံးထောင်ထဲ ဖမ်းထားတာတွေ အကုန်လွှတ်ပြီလား ။ တခုမှ မလုပ်သေးဘူး။ အကုန်လုပ်ပြီးမှ အဲဒါကို ပြောလေ။"

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ဝေါလေမြိုင်မြို့နယ်ခွဲရှိ စစ်ကောင်စီတပ်စွဲထားတဲ့ မော်ခီးစခန်းကို KNLA-KNDO နဲ့ ပူးပေါင်းတပ်တွေ မတ်လ ၂၁ ရက် က ဝင်ရောက်သိမ်းပိုက်လိုက်ပြီးနောက် စစ်ကောင်စီဘက်က အခုလို ကမ်းလှမ်းချက်ထွက်လာတာဖြစ်ပါတယ်။

ကရင်အမျိုးသားအစည်းအရုံး(KNU) တပ်မဟာ ၆၊ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်မှာရှိတဲ့ စစ်ကောင်စီလက်အောက်ခံဝန်ထမ်းတွေအားလုံး မိမိတို့နေထိုင်ရာဒေသတွေကို ပြန်လည်ထွက်ခွာကြဖို့ ကော့ကရိတ်မြို့နယ် ကေအန်ယူက သတိပေးကြေညာထားပါတယ်။

https://burmese.dvb.no/archives/523813

--------------------------------------------------------------------------------------------

## မိုင်းကိုင် တအာင်း (ပလောင်) ပါတီဥက္ကဋ္ဌနဲ့ မိသားစု အသတ်ခံရမှု RCSS ငြင်းဆို

2022.03.23

ရှမ်းပြည်နယ် မိုင်းကိုင်မြို့နယ် တအာင်း (ပလောင်) ပါတီဥက္ကဋ္ဌ မိုင်းနမ်ဟန် နဲ့ မိသားစုဝင် တို့ကို ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တပ်ဖွဲ့က သတ်ဖြတ်ခဲ့တယ် ဆိုပြီး စွပ်စွဲတာကို ငြင်းဆိုလိုက်ကြောင်း RCSS က မတ်လ ၂၃ ရက် ဒီနေ့ ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။

တအာင်းအမျိုးသားပါတီဥက္ကဋ္ဌ မိုင်းနမ်ဟန် မိသားစုနာရေးကို ၂၀၂၂ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် တွေ့ရစဉ် Photo: Citizen Journalist

မိုင်းနမ်ဟန်နဲ့အတူ သူ့ဇနီး၊ ၇ နှစ်အရွယ် သမီးငယ်တို့ဟာ အခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှာ မိုင်းကိုင် မြို့နယ် တိုလောကျေးရွာအုပ်စု ပန်လော့ရွာနားမှာ ပျောက်ဆုံး ခဲ့တာဖြစ်ပြီး ၁၃ ရက်အကြာမှာ ဒီကြေညာချက်ကို ထုတ်ပြန်လိုက်တာပါ။

RCSS တပ်ဖွဲ့တွေဟာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလကတည်းက အဲဒီနေရာမှာ လှုပ်ရှားမှု ရှိမနေတော့ဘူးလို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပြီး အဲဒီရွာအနီးမှာ RCSS နဲ့ တိုက်ပွဲ ဖြစ်နေတဲ့ ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) နဲ့ မဟာမိတ်တပ်တွေသာ ရှိနေတာလို့ RCSS က ဆိုထားပါတယ်။

မိုင်းနမ်ဟန် မိသားစု ပျောက်ဆုံးချိန်မှာ တအာင်း (ပလောင်) ပါတီက ရဲစခန်း၊ ရွေးကောက် ပွဲကော်မရှင်နဲ့ နယ်လုံဝန်ကြီးအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူတွေထံ တိုင်ကြားခဲ့ပေ မယ့် အလောင်းတွေ့ချိန်မှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေကို အကြောင်းမကြားဘဲ မိမိတို့ ဘာသာ ဖွဲ့စည်းထားတဲ့ စုံစမ်းရေးကော်မရှင်နဲ့ စစ်ဆေးပြီး မီးသင်္ဂြိုဟ်လိုက်တာဟာ သံသယဖြစ်ဖွယ် ဖြစ်တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

RCSS အနေနဲ့ အုပ်ချုပ်ရေး၊ စစ်ရေး၊ တရားစီရင်ရေးကိစ္စတွေမှာ ဥပဒေပြဋ္ဌာန်းကျင့်သုံး နေတဲ့ အဖွဲ့ အစည်းဖြစ်ပြီး မိုင်းနမ်ဟန်မိသားစု အသတ်ခံရတဲ့ကိစ္စကို ကန့်ကွက်ရှုတ် ချသလို ပြစ်မှုကျူးလွန်သူနဲ့ အမှုမှန်ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့လည်း ဖော်ပြထားပါတယ်။

RCSS ရဲ့ အခုလို တုံ့ပြန်ချက်ဟာ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိဘူးလို့ မိုင်းကိုင်မြို့ တအာင်း (ပလောင်) ပါတီ ကော်မတီဝင် မိုင်းအောင်ခမ်းက ပြောပါတယ်။

**"အရင်တုန်းက ကျနော့်ကို ဖမ်းထားတုန်းကလည်း သူတို့ ငြင်းခဲ့တာပဲ၊ ဘယ်တော့မှ ဝန်မခံသလို တာဝန် ယူမှုလည်း မရှိဘူး"**

မိုင်းနမ်ဟန်မိသားစုဟာ သူ့အမေ နာရေးဖြစ်တဲ့ မက်ချီနတ်ရွာကနေ မိုင်းကိုင်မြို့ပေါ်ကို အပြန် တုံလောရွာအုပ်စု ပန်လော့ရွာမှာရှိတဲ့ RCSS တပ်ဖွဲ့ရဲ့ စစ်ဆေးရေးဂိတ်အကျော်မှာ ပျောက်ဆုံးခဲ့ပြီး အဲဒီနေရာ အနီး RCSS တပ်ဖွဲ့ တွေ သာ ရှိနေတယ်လို့ မိုင်းအောင်ခမ်းက ပြောပါတယ်။

မိုင်းနမ်ဟန်တို့ မိသားစု အလောင်းနားမှာ သေနတ်ကျည်ခွံတွေကိုလည်း တွေ့ရပြီး ရုပ်အလောင်းတွေကို ပြီးခဲ့တဲ့ မတ်လ ၁၃ ရက်က အခမ်းအနားနဲ့ သင်္ဂြိုဟ်ခဲ့တယ်လို့လည်း မိုင်းအောင်ခမ်းက ပြောပါတယ်။

RCSS နဲ့ တိုက်ပွဲဖြစ်ခဲ့တဲ့ SSPP တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဒု-ဗိုလ်မှူးကြီး စိုင်းဆုကတော့ မိုင်းနမ်ဟန် မိသားစု ပျောက်ဆုံးခဲ့တဲ့ ဇန်နဝါရီ ၁၀ ရက်မှာ သူတို့တပ်ဖွဲ့တွေ တုံလောရွာ အထိ မရောက်သေးဘူးလို့ ဒေသတွင်း မီဒီယာတွေမှာ ဖြေကြားထားပါတယ်။

ပဋိပက္ခဒေသမှာရှိတဲ့ အမျိုးသမီးနဲ့ ကလေးငယ်တွေကို သတ်ဖြတ်တာဟာ နိုင်ငံတကာ လူ့အခွင့်အရေးနဲ့ ဥပဒေတွေကို ချိုးဖောက်တာဖြစ်လို့ ပြင်းထန်စွာ ကန့်ကွက်တယ်လို့ မြန်မာနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ်က ဒီကနေ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဒီလုပ်ရပ်တွေဟာ စစ်ရာဇဝတ်မှုမြောက်သလို ဒေသအတွင်း တိုင်းရင်းသားလူမျိုးစု အချင်းချင်းကြား စည်းလုံးမှုကိုပါ ပျက်ပြားစေတာကြောင့် အမျိုးသမီးနဲ့ ကလေးငယ်တွေကို ပစ်မှတ်ထားတိုက်ခိုက်တာတွေ ရပ်တန့်ပြီး တွေ့ဆုံညှိနှိုင်းအဖြေရှာဖို့ တိုက်တွန်းတယ်လို့ မြန်မာနိုင်ငံ အမျိုးသမီးအဖွဲ့ချုပ်ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

မိုင်းနမ်ဟန်နဲ့ မိသားစု သေဆုံးခဲ့ရတဲ့ကိစ္စအတွက် တအာင်း ကျောင်းသားနဲ့ လူငယ်အဖွဲ့၊ တအာင်း အမျိုးသမီး အဖွဲ့၊ တအာင်း နိုင်ငံရေးအတိုင်ပင်ခံကော်မတီ၊ ရှမ်းပြည်နယ် ကျောင်းသားသမဂ္ဂကွန်ရက်နဲ့ အရပ်ဘက်အဖွဲ့ စည်း ၃၄ ခုက ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ခဲ့ကြသလို တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တပ်ဖွဲ့ကလည်း အခုလ ၁၂ ရက်နေ့က ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ပါတယ်။

https://www.rfa.org/burmese/news/rcss-deny-tna-president-family-killed-03232022063808.html

--------------------------------------------------------------------------------------

## ပူတာအိုက စစ်ဘေးဒုက္ခသည်တွေ နေရပ်ပြန်၊ တချို့ တိုက်ပွဲပြန်ဖြစ်မှာ စိုးရိမ်နေကြ

2022.03.23

ကချင်ပြည်နယ် ပူတာအိုမြို့နယ်က တိုက်ပွဲတွေကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဆွမ်ပီယာန်နဲ့ အင်စီယာန်ရွာတွေက ဒေသခံတွေကို ၂၀၂၂ ခုနှစ် မတ်လ ၂၂ ရက်နေ့က တွေ့ရစဉ် Photo: RFA

ကချင်ပြည်နယ် ပူတာအိုမြို့နယ်ထဲ စစ်ကောင်စီတပ်နဲ့ KIA ကချင်လွတ်လပ်ရေးတပ်တို့ရဲ့ တိုက်ပွဲတွေကြောင့် နှစ်လနီးပါး တောထဲမှာ ထွက်ပြေးတိမ်းရှောင်နေကြရတဲ့ ဆွမ်ပီယာန်နဲ့ အင်စီယာန်ရွာတွေက ဒေသခံ သုံးရာကျော်တို့ မတ်လ ၂၂ ရက် မနေ့ကစပြီး နေရပ် ပြန်ကြပြီလို့ ဒေသခံတွေက ပြောပါတယ်။

ကချင်ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG)၊ ကချင်အမျိုးသား အတိုင်ပင်ခံအဖွဲ့ (WMR) နဲ့ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်တွေက ကြားဝင်ညှိနှိုင်းပေးခဲ့တယ်လို့ PCG အဖွဲ့ရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးလမိုင်ဂွမ်ဂျာက RFA ကို ပြောပါတယ်။

**“ တောတောင်တွေမှာ သူတို့ စားဝတ်နေရေး၊ ကျန်းမာရေး ဒုက္ခဆင်းရဲရောက်နေတာ၊ ကျနော်တို့ PCG ရယ် မြစ်ကြီးနားမြို့ပေါ်မှာက ခရစ်ယာန်ကောင်စီအဖွဲ့တွေက ကော်မတီဖွဲ့ပြီး တပ်မတော်ဘက်ရော၊ KIA ဘက်ကိုရော သဘောတူညီချက်တွေအရ သူတို့တွေ ရွာပြန် နိုင်အောင် လုပ်ပေးနိုင်ခဲ့တယ် ”**

မနေ့က နေရပ်ပြန်သူ စုစုပေါင်း ၃၂၁ ယောက်ရှိပြီး မြစ်ကြီးနားနဲ့ ပူတာအိုမြို့တွေဆီ ထွက်ပြေး တိမ်းရှောင်ခဲ့ကြသူ ခုနစ်ရာကျော်လောက်ကိုလည်း နေရပ်ပြန်နိုင်အောင် စီစဉ်ပေးမှာဖြစ်သလို ရွာထဲက အိမ်တွေ ပျက်စီးသွားတာတွေကိုလည်း ကူညီပေးနိုင်ဖို့ သက်ဆိုင်ရာတွေနဲ့ ညှိနှိုင်းနေတယ်လို့ ဦးလမိုင်ဂွမ်ဂျာက ပြောပါတယ်။

ဆွမ်ပီယာန်ရွာမှာ နေအိမ် ခုနစ်လုံး မီးလောင်ခဲ့ပြီး လက်ရှိ ရွာထဲမှာ စစ်ကောင်စီ တပ်သားတွေ ရှိနေဆဲဖြစ်ပေမယ့် ကိုယ့်နေအိမ်တွေ ပျက်စီးကုန်မှာ စိုးရိမ်လို့ ရွာကို ပြန်လာတာလို့ ဆွမ်ပီယာန်ရွာသားတစ်ဦးက ပြောပါတယ်။

မြစ်ကြီးနားမြို့ကို ထွက်ပြေးတိမ်းရှောင်နေရတဲ့ အင်စီယာန်ရွာက အမျိုးသမီး တစ်ဦးကတော့ တိုက်ပွဲတွေ ပြန်ဖြစ်မှာကို စိုးရိမ်ပြီး ကိုယ့်နေရပ်ကို လုံလုံခြုံခြုံနဲ့ ပြန်ချင်တာမို့ နေရပ်ပြန်ရေး စဉ်းစားနေတယ်လို့ ပြော ပါတယ်။

စစ်ကောင်စီ တပ်စွဲထားတဲ့ အင်စီယာန်ရွာအနီးက ရိန်ဂတ်ဘွမ်စခန်းကို KIA နဲ့ PDF ပူးပေါင်းတပ်တို့က ဖေဖော်ဝါရီ ၁ ရက်ကစပြီး တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီ တပ်ဘက် ကလည်း လေကြောင်းကနေ ပစ်ခတ် တိုက်ခိုက်ခဲ့တာတွေရှိခဲ့လို့ အင်စီယာန်၊ ဆွမ်ပီယာန်နဲ့ လုံရှာယာန် ရွာတွေက ဒေသခံ ခြောက်ထောင်ကျော်တို့ ဘေးလွတ်ရာ ထွက်ပြေးခဲ့ကြရပါတယ်။

https://www.rfa.org/burmese/news/putao-refugees-03232022051144.html

-----------------------------------------------------------------------------------------

## ကချင်ပြည်နယ် မိုးညှင်းမြို့အထွက်တွင် ကျပ်သိန်း ၅၀၀ နီးပါးတန်ဖိုးရှိ ဘိန်းဖြူများဖမ်းဆီးရမိ

PUBLISHED 23 MARCH 2022 | ထွန်းလင်းအောင် (မြစ်ကြီးနား)

*ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်*

ကချင်ပြည်နယ် မိုးညှင်းမြို့အထွက် အင်ကြင်းကုန်းလမ်းဆုံတွင် မတ် ၂၂ ရက် ညနေပိုင်းက ကျပ်သိန်း ၅၈၈ နီးပါးတန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

မိုးညှင်းမြို့အခြေစိုက် မူးယစ်တပ်ဖွဲ့စု(၃)မှ တာဝန်ရှိသူများသည် မိုးညှင်း-ဟိုပင်သွားလမ်းပေါ်ရှိ အင်ကြင်းကုန်းလမ်းဆုံတွင် အသွင်ယူစစ်ဆေးရာတွင် မိုးညှင်းမြို့ဘက်မှ ဟိုပင်မြို့ဘက်သို့ ဦးဝင်းမြင့် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာတွင် ဘိန်းဖြူများ ထည့်သွင်းသယ်ဆောင်လာသည့် ဆပ်ပြာခွက် ၁၂၁ ခွက်၊ အလေးချိန် ၁ ဒသမ ၂၁ ကီလို၊ ကာလဒေသပေါက်ဈေး ၄၈၄ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများအား ဖမ်းဆီးရမိခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးညှင်းမူးယစ်တပ်ဖွဲ့စု(၃)မှ တာဝန်ရှိသူတစ်ဦးက "အဓိကတော့ ရွှေမှော်တစ်ခုကို ရောင်းချဖို့ပါ။ ရောင်တခင်မိတဲ့အနေအထားပါ။ ကွင်းဆက်တရားခံတွေကို စစ်ဆေးဆဲရှိပါသေးတယ်" ဟု ပြောကြားသည်။

ကချင်ပြည်နယ်တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ရွှေလုပ်ငန်း၊ သစ်မှောင်ခိုလုပ်ငန်း၊ ကျောက်စိမ်းလုပ်ငန်းများတွင် မူးယစ်ဆေးဝါးရောင်း ဝယ်သုံးစွဲသူ ရုတ်တရက်မြင့်တက်ခဲ့သည်။

ကချင်ပြည်နယ်အတွင်းသို့ ဝင်ရောက်သော မူးယစ်ဆေးဝါးလမ်းကြောင်းခြောက်ခုရှိပြီး ယင်းတို့မှာ ဘိန်းဖြူ၊ ဘိန်းမည်း၊ စိတ်ကြွဆေးပြားများမှာ ရှမ်းပြည်နယ် ကွတ်ခိုင်-နန်းခမ်း-ဗန်းမော်-ဂ္ိုင်းမော်-မြစ်ကြီးနား-ဖားကန့်လမ်းကြောင်း၊ လွယ်ဂျယ်-ဗန်းမော်-ဂ္ိုင်းမော်-မြစ်ကြီးနား-ဖားကန့်လမ်းကြောင်း၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းမှ ဝင်ရောက်လာသည့် မူးယစ်ဆေးဝါးများမှာ စစ်ကိုင်းတိုင်း အင်းတော်မြို့ကို ဖြတ်၍ မိုးညှင်း-မိုးကောင်း-ဖားကန့်လမ်းကြောင်း၊ မူဆယ်မြို့မှ တရုတ်နိုင်ငံ ရွှေလီကိုကူး၍ ရွှေလီ-ကန်ပိုင်တည်-ဂ္ိုင်းမော်-မြစ်ကြီးနား-ဖားကန့်လမ်းကြောင်း၊ ဘိန်းစိမ်းအများစုသယ်သည့် ချင်းတွင်းအထက် ဟုမ္မလင်း-ဆယ်ဇင်း-တာမခံ-ဖားကန့်လမ်းကြောင်း၊ ဆဒုံး-ဂ္ိုင်းမော်-မြစ်ကြီးနား-ဖားကန့်လမ်းကြောင်းတို့ဖြစ်ကြောင်း သိရသည်။ လမ်းသစ်အနေဖြင့် ဝန်းသို-ကောလင်း-ပင်လည်ဘူး-ဖောင်းပြင်လမ်းမှ ကျောက်စိမ်းနှင့် ရွှေမှော်၊ ပယင်းမှော်များသို့ ပို့ဆောင်သည့်လမ်းကြောင်းသစ်များလည်း တိုးနေကြောင်း ကသာခရိုင်ရဲတပ်ဖွဲ့မှတ်တမ်းများအရ သိရသည်။

ကချင်ပြည်နယ်တွင် ဖားကန့်ကျောက် စိမ်းမှော်ဒေသများ၊ ဧရာဝတီမြစ်ဖျားပိုင်းရှိ ရွှေမှော်၊ ကျောက်မှော်များ၊ မြန်မာ-တရုတ်နယ်စပ်တစ်လျှောက်ရှိ သစ်မှောင်ခိုမှော်များ၊ တစ်ရှူးငှက်ပျောခင်းများတွင် မူးယစ်ဆေးသုံးစွဲမှုမှာ မြင့်မားနေဆဲဖြစ်ကြောင်း သိရသည်။

https://news-eleven.com/article/227958

-----------------------------------------------------------------------------------------